မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
နေ့စဉ်စျေးကွက်သတင်းလွှာ
November 26, 2024 Volume 84, Number 15

| ၂၆.၁၁.၂၀၂၄ | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၀၀.၉၁ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၅၇.၀၀ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၃၄.၁၄ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၆၀.၀၇ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၈၉.၃၁ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၄.၉၂ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၉.၈၆ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၇၀.၀၁ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၀.၄၁ ကျပ် |

Source: CBM Rate, etrademyanmar.com

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်အလက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm

## မကွေးတိုင်းဒေသကြီးအတွင်းရှိ တောင်သူများထံလက်ဆွဲမျိုးစေ့ချကိရိယာ Drum Seeder အလက် ၅၀၀ ဖြန့်ဖြူးပေးသွားမည်



မကွေးတိုင်းဒေသကြီးအတွင်း၌ စပါးသီးနှံစိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး၊ စပါးသီးနှံစိုက်ပျိုးရာတွင် စိုက်ပျိုးနည်းစနစ်မှန်ကန်စေရေးနှင့် စပါးတစ်ဧကအထွက်နှုန်း တိုးတက်ရရှိရေး တောင်သူများထံ Manual Drum Seeder Type II အမျိုးအစား လက်ဆွဲမျိုးစေ့ချကိရိယာ Drum Seeder အလက် ၅၀၀ ကို နွေစပါးစိုက်ပျိုးချိန်ရာသီအမီ ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း မကွေးတိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာနက သိရသည်။

ဒေသခံတောင်သူများ စပါးသီးနှံစိုက်ပျိုးထုတ်လုပ်ရာတွင် စိုက်ပျိုးနည်းစနစ်မှန်ကန်စေပြီး တစ်ဧကအထွက်နှုန်း တိုးတက်စေရေး ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ တပ်မတော်အကြီးစားစက်ရုံဆင်တဲက ထုတ်လုပ်သည့် လက်ဆွဲမျိုးစေ့ချကိရိယာ Manual Drum Seeder Type II အမျိုးအစား အလက်ပေါင်း ၅၀၀ ကို ဝယ်ယူကာ သက်ဆိုင်ရာ စိုက်ပျိုးရေးဦးစီးဌာနရုံးများသို့ ဖြန့်ဖြူးပေးထားပြီး ဒေသခံတောင်သူများထံ ယခုနှစ် နွေစပါးစိုက်ပျိုးချိန်ရာသီအမီ ဖြန့်ဖြူးပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

မကွေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်နှင့်မြို့နယ်များအလိုက်လက်ဆွဲမျိုးစေ့ချကိရိယာ ဖြန့်ဖြူးပေးရာတွင် မကွေးခရိုင်၊နတ်မောက်မြို့နယ်၌ ၂၅ လက်၊ မြို့သစ်မြို့နယ်၌ ၇၆ လက်၊ တောင်တွင်းကြီးမြို့နယ်၌ ၈၆ လက်၊ မင်းဘူးခရိုင်၊ မင်းဘူး (စကု) မြို့နယ်၌ ၄၁ လက် ၊ ပွင့်ဖြူမြို့နယ်၌ ၈၆ လက်၊ စလင်းမြို့နယ်၌ ၅၁ လက်၊ စေတုတ္တရာမြို့နယ်၌ ၄ လက်၊ ငဖဲမြို့နယ်၌ ၉ လက်၊ သရက်ခရိုင်၊ သရက်မြို့နယ်၌ ၁၄ လက်၊ မင်းတုန်းမြို့နယ်၌ ၁၅ လက်၊ မင်းလှမြို့နယ် ၌ ၁၀ လက်၊ ကံမမြို့နယ်၌ ၂၂ လက်၊ အောင်လံခရိုင်၊အောင်လံမြို့နယ်၌ ၄၆ လက်နှင့်ဆင်ပေါင်ဝဲမြို့နယ်၌ ၁၅ လက် စုစုပေါင်း

အလက် ၅၀၀ ဖြစ်ကြောင်း သိရသည်။

မကွေးတိုင်းဒေသကြီးအတွင်း၌ ၂၀၂၄-၂၀၂၅ စိုက်ပျိုးရာသီတွင် ယခုနှစ် မိုးစပါးကို ဧကပေါင်း ၆၃၀,၃၇၉ ဧက အထိ စိုက်ပျိုးနိုင်ခဲ့ပြီး ယခုနှစ်နွေစပါးစိုက်ပျိုးရာသီတွင် ဧကပေါင်း ၅၆,၂၀၅ ဧက စိုက်ပျိုးရန် လျာထားဆောင်ရွက်လျက်ရှိကြောင်း မကွေးတိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာနက သိရသည်။

**Source : Popular News Journal**

## မြန်မာ့အထည်အလိပ်နှင့်စက်ယန္တရားကုန်စည်ပြပွဲ ၂၀၂၄ ကို ဒီဇင်ဘာတွင် ကျင်းပမည်




မြန်မာ့အထည်အလိပ်နှင့် စက်ယန္တရားကုန်စည်ပြပွဲ ၂၀၂၄ ကို လာမည့် ဒီဇင်ဘာလတွင် ကျင်းပသွားမည်ဖြစ်ကြောင်း နိုဝင်ဘာလ ၂၂ ရက်တွင် သတင်းစာရှင်းလင်းပွဲ ပြုလုပ်ခဲ့သည်။

ကိုရီးယား (KOGAM)၊ ဟောင်ကောင်(HKMMA)တို့မှ အသင်းဝင်စက်ရုံများ၏ Pavilion များ၊ အခြားအာဆီယံနိုင်ငံများ၏ Pavilion ကိုလည်း သက်ဆိုင်ရာအသင်းများနှင့် အတူ ခင်းကျင်းပြသသွားမည် ဖြစ်သည်။

“မြန်မာ့အထည်ချုပ်လုပ်ငန်းမှထုတ်ကုန်များအတွက် ဈေးကွက်အသစ်များရရှိစေရန်ကုန်စည်ပြပွဲများ၊စီးပွားရေးမိတ်ဖက် များနှင့်တိုက်ရိုက်တွေ့ဆုံဆွေးနွေးပွဲများကျင်းပပြုလုပ်ပေးခြင်းနှင့် အပြည်ပြည်ဆိုင်ရာကုန်စည်ပြပွဲများတွင် ဝင်ရောက်ပြသ ခြင်းဖြင့်၊ ယခုလိုအထည်အလိပ်နှင့်စက်ပစ္စည်းများပြပွဲမှ မြန်မာ့အထည်ချုပ်လုပ်ငန်းကဏ္ဍ၏ လုပ်ကိုင်နိုင်စွမ်းကို တစ်ကမ္ဘာလုံး ကဝယ်လက်များသိအောင်ပြသနိုင်မှာဖြစ်ပါတယ်”ဟု မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း၏ဥက္ကဋ္ဌက ပြောသည်။

ထို့ပြင် နိုင်ငံတကာမိတ်ဖက်များအနေဖြင့်လည်းပြပွဲတွင်ခင်းကျင်းပြသမည့်ဒေသတွင်းအထည်အလိပ်နှင့်အထည်ချုပ်စက်ရုံများ၏ လုပ်ငန်းစွမ်းဆောင်ရည်နှင့် လက်မှုပညာများကိုလေ့လာနိုင်မည်ဖြစ်သလို လာရောက်လည်ပတ်သူများသည် ရိုးရာနည်းပညာများမှစ၍ ခေတ်မီဆန်းသစ်တီထွင်မှုများအထိ Made in Myanmar ထုတ်လုပ်သူများထံမှ ရောင်စုံဆန်းပြားသောအထည်အလိပ်ထုတ်ကုန်ပစ္စည်းများ၊ စက်ပစ္စည်းများကို လေ့လာခွင့်ရရှိမည်ဖြစ်သည်။

အဆိုပါ Made in Myanmarပြပွဲအား ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၆၊၇၊၈ ရက်တို့တွင် Inya Lake Hotel, Yangon Convention Center YCC ၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**Source : popular News Journal**

## ပေါင်မြို့နယ်၌ ဥစားပိန်းများ စီးပွားဖြစ်စိုက်ပျိုးလာ

မွန်ပြည်နယ် ပေါင်မြို့နယ်အနီးတစ်ဝိုက်နှင့် ကျေးလက်ဒေသများတွင် ဥစားပိန်းစိုက်တောင်သူများ ဈေးကောင်းရရှိသဖြင့် မိသားစုတစ်ပိုင်တစ်နိုင်စိုက်ပျိုးရာမှ စီးပွားဖြစ်တိုးချဲ့စိုက်ပျိုးလာကြကြောင်း သိရသည်။

ဥစားပိန်းများကို မစိုက်မီမြောင်းပေါင်ကို အရင်ဆုံးပြုပြင်ရပြီး စိုက်ပေါင်များအတွင်း မြေခံကြက်ချေး (သို့မဟုတ်) နွားချေးနှင့်ဆန်စက်မှရရှိသည့်ဖွဲမှုန့်များကိုရောစပ်ထည့်ပေးရကြောင်း ပိန်းပင်ပေါက်များကိုတစ်ပင်နှင့်တစ်ပင်တစ်ပေခန့်အကွာ စိုက်ပျိုးရကြောင်း၊အပင်ကြီးထွားမှုနှင့်လေဝင်လေထွက်ကောင်းရန် ဂရုစိုက်ရပြီး ရက် ၈၀ ခန့်အကြာတွင် ဥများတူးဖော်ကာ ရောင်းချရကြောင်း ပေါင်မြို့နယ် ကျုံကကျေးရွာမှ ဥစားပိန်းစိုက်တောင်သူတစ်ဦးက ပြောသည်။

ဥစားပိန်းများကို ရာသီမရွေးစိုက်ပျိုးရပြီး ဈေးကွက်တွင်ဒေသပေါက်ဈေး တစ်ပိဿာလျှင်ကျပ် ၅၀၀၀ရရှိကာတောင်သူများ တစ်ပိုင်တစ်နိုင်စိုက်ပျိုးရာမှ ယခုအခါ စီးပွားဖြစ်တိုးချဲ့စိုက်ပျိုးလာကြကြောင်း သိရသည်။

**Source : ကြေးမုံသတင်းစာ**

## ပြောင်းရာသီအစ တောင်သူများ ဈေးကောင်းရလာ



ယခုနှစ် ပြောင်းရာသီအစတွင် ပြည်တွင်းပြောင်းဈေးကွက်မှာယခင်နှစ်ထက်ဈေးကောင်းရရှိလာကြောင်းပြောင်းကုန်သည်များထံက သိရသည်။

လက်ရှိတွင် ထိုင်းနိုင်ငံသို့ပြောင်းတင်ပို့မှုရပ်နားထားသော်လည်း အခြားဖိလစ်ပိုင်၊ဗီယက်နမ်၊အိန္ဒိယနိုင်ငံများသို့ ပင်လယ်ရေကြောင်းက တစ်ဆင့်တင်ပို့ရောင်းချလျက်ရှိသည်။

မကြာမီ တရုတ်နိုင်ငံသို့လည်း နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းမှတစ်ဆင့်ပြန်လည်တင်ပို့နိုင်မည့်မျှော်လင့်ချက်များဖြင့်ပြောင်းရာသီအစကတည်းကဈေးကောင်းပေးဝယ်ယူကာပြောင်းစုဆောင်းမှုများရှိနေကြောင်းကုန်သည်များကသုံးသပ်ထားသည်။

နိုဝင်ဘာ ၂၁ ရက်တွင် မန္တလေးဈေးကွက်၌ ပြောင်း(CP) ၅၄ ပိဿာတစ်အိတ်လျှင်ငွေကျပ် ၇၇,၀၀၀-၇၈,၀၀၀၊ အထွက်တိုးပြောင်းနီ ၅၃ ပိဿာတစ်အိတ်လျှင် ငွေကျပ် ၇၅,၀၀၀၊ ပြောင်း(ဗမာ) ၅၄ ပိဿာတစ်အိတ်လျှင် ၇၆,၀၀၀ ပေါက်ဈေးရှိနေပြီး ရန်ကုန်ဆိပ်ကမ်းအရောက် ပြောင်းဈေးတစ်ပိဿာလျှင် ၁၅၅၀ ကျပ် ပေါက်ဈေးရှိနေသည်။

ထိုင်းနိုင်ငံသို့ ပြောင်းဆန်တင်ပို့မှုကို မရပ်နားမီ စက်တင်ဘာလမတိုင်မီက ဩဂုတ်လအတွင်း ပြည်တွင်းပြောင်းပေါက်ဈေးမှာ ငွေကျပ် ၁၇၅၀ အထိ စံချိန်တင်ဈေးမြင့်တက်ခဲ့ပြီး ပို့ကုန်မူဝါဒအပြောင်းအလဲတွင် ပို့ကုန်ရငွေ ၂၅ ရာခိုင်နှုန်း၊ ၇၅ ရာခိုင်နှုန်း သတ်မှတ်ခဲ့ရာ ပို့ကုန်သမားများ အဆင်ပြေခဲ့သည်။

ပြောင်းစိုက်ပျိုးမှုကို ရှမ်းပြည်နယ်၊ ရောဂတီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးတို့တွင်အများဆုံးစိုက်ပျိုးပြီး ဖူးစားပြောင်းများကိုလည်း ဒေသအလိုက်စိုက်ပျိုးနေကြောင်း သိရသည်။

**Source : မကွေးဂျာနယ်**

## စစ်တွေမြို့ ဘက်စုံသုံးဆိပ်ကမ်းသို့ ရန်ကုန်မြို့မှ ဆန်နှင့် အခြေခံစားသောက်ကုန်များ၊ လူသုံးကုန်များနှင့် တည်ဆောက်ရေးပစ္စည်းများ ဆက်လက်ရောက်ရှိ



ရခိုင်ပြည်နယ်၊ စစ်တွေမြို့ ဘက်စုံသုံးဆိပ်ကမ်းသို့ ရန်ကုန်မြို့မှဆန်နှင့်အခြေခံစားသောက်ကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ တည်ဆောက်ရေးပစ္စည်းများ နိုဝင်ဘာ၂၃ ရက်က ရောက်ရှိလာရာ ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးထိန်လင်းနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက သွားရောက်ကြည့်ရှု စစ်ဆေးခဲ့ကြကြောင်း သိရသည်။

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ၏ လမ်းညွှန်မှုအရ ရခိုင်ပြည်နယ်အစိုးရအဖွဲ့နှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် ရခိုင်ပြည်နယ်သို့သင်္ဘောများဖြင့် ဆန်နှင့်အခြေခံစားသောက်ကုန်ပစ္စည်းများကို ပို့ဆောင်ပေးလျက်ရှိကြောင်း သိရသည်။

ထို့ကြောင့် စစ်တွေမြို့ ဘက်စုံသုံးဆိပ်ကမ်းသို့ အမ်ဗွီအောင်ရတနာသင်္ဘောတွင် ဆန်နှင့်စားသုံးကုန်ပစ္စည်းများ စုစုပေါင်း ၇၀၇ တန်တင်ဆောင်၍လည်းကောင်း၊ အမ်ဗွီရွှေသုဝဏ်သင်္ဘောတွင် ဆန်နှင့်အခြေခံစားသောက်ကုန်များ စုစုပေါင်း ၆၁၄ တန် တင်ဆောင်၍ ရောက်ရှိလာခြင်းဖြစ်သည်။

အဆိုပါသင်္ဘောများမှ ကုန်ပစ္စည်းများအား ကုန်တင်ကုန်ချပြုလုပ်နေမှုကိုရခိုင်ပြည်နယ်ဝန်ကြီးချုပ်ဦးထိန်လင်းနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုစစ်ဆေးပြီး ကုန်ပစ္စည်းများအား စနစ်တကျအတင်အချပြုလုပ်နိုင်ရေး၊ ဈေးကွက်အတွင်း အမြန်

ဆုံးဖြန့်ဖြူးရောင်းချရေး၊ ကုန်ပစ္စည်းများပျက်စီးဆုံးရှုံးမှုမဖြစ်စေရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးဆောင်ရွက်ရန်တို့ကိုမှာကြားပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။

**Source : Popular News Journal**

## ပြည်တွင်း ပဲရာသီအကုန် ပဲမာလိုင်းအချို့ ပစ္စည်းပြတ်၊ တရုတ်ပို့ကုန် မြေထောက်ပဲဈေးမြင့်တက်လာ



ပြည်တွင်းပဲရာသီကုန်ဆုံးခါနီးဖြစ်သောကြောင့် ပဲမာလိုင်းအချို့ ပစ္စည်းပြတ်လပ်မှုများရှိနေပြီး တရုတ်ပို့ကုန်မြေထောက်ပဲဈေးမြင့်တက်လာကြောင်း ပဲ၊ နှမ်းကုန်သည်များထံက သိရသည်။

ပဲ၊ နှမ်း ဈေးကွက်အတွင်း တရုတ်နိုင်ငံသို့ တင်ပို့ရန် ဝယ်ယူမှုကောင်းလာသောကြောင့် မြေထောက်ပဲဈေးမြင့်တက်လာရာ တစ်အိတ် ငွေကျပ် ၃၅၅,၀၀၀ ပေါက်ဈေးရှိလာရာ ယခင်သီတင်းပတ်ထက် ငွေကျပ် ၂၀,၀၀၀ ခန့် ဈေးမြင့်တက်လာသည်။

နိုဝင်ဘာလကုန်ပိုင်းတွင် မြေပဲဆန်ဈေးကွက်မှာ ဒေသအစုံမှ ဝင်ရောက်လာမှုကြောင့် အရောင်းအဝယ်ကောင်းနေပြီး ဈေးနှုန်းအနည်းငယ်သာကျဆင်းမှုရှိသော်လည်း အမြင့်ဈေးတန်းတွင်ရှိနေကြောင်း၊ နှမ်းမျိုးစုံမှာ ပို့ကုန်တင်ပို့ရန်အတွက် ဝယ် ယူမှုကောင်းသော်လည်း ဈေးအနည်းငယ်ကျဆင်းလာကြောင်း အခြားအိန္ဒိယပို့ကုန်မတ်ပဲနှင့် ပဲစင်းငုံမှာအဝယ်ဈေးကွက်ပျောက် နေကြောင်း၊ ပြည်တွင်းပဲယင်းကို တိရစ္ဆာန်အစာစက်ရုံများက ဝယ်ယူမှုရှိလာသောကြောင့် ဈေးကောင်းရလာကြောင်း ပွဲရုံပိုင်ရှင် တစ်ဦးက ပြောသည်။

" မြေထောက်ပဲကို တရုတ်ဝယ်လက်များ အဝယ်ကောင်းလာတော့ ထူးထူးခြားခြားဈေးမြင့်တက်လာပါတယ်။ အိန္ဒိယပို့ကုန်ပဲတွေကတော့ ဒီအချိန်ဆိုရင် အဝယ်အေးနေကြပါတယ်။ ၂၀၂၅ ပဲသစ်ရာသီမှ ပြန်လည်အရောင်းအဝယ်ကောင်းမွန်လာမှာပါ။ လက်ရှိမှာ ပြည်တွင်းသုံးကုလားပဲတစ်ခုပဲ ဈေးငြိမ်ပြီး အရောင်းအဝယ်ပုံမှန်ရှိနေတာပါ။ တရုတ်ပို့ကုန်ပဲအချို့သာ တင်ပို့နိုင်ခြင်းမရှိလို့ လက်ကျန်များနေတာပါ။မကြာမီ တရုတ်လိုင်းပြန်လည်တင်ပို့နိုင်မဲ့ အခြေအနေများကြောင့် ပဲတီစိမ်းမှာ ဈေးမြင့်တက်ပြီး အရောင်းအဝယ်ကောင်းလာပါတယ်။ ၂၀၂၅ ခုနှစ် ပဲသစ်ရာသီအတွက် ပဲစင်းငုံမှာ ကုန်သည်အချို့ ကြိုတင်ဝယ်ယူမှုများရှိနေပါတယ်" ဟု ၎င်းက ပြောသည်။

နိုဝင်ဘာလ ၂၁ ရက်တွင် ပို့ကုန်မတ်ပဲတစ်အိတ်လျှင် ငွေကျပ် ၃၃၀,၀၀၀ ၊မတ်ပဲ(အသစ်)တစ်အိတ်လျှင် ငွေကျပ် ၂၇၀,၀၀၀၊ ပဲစင်းငုံမှာအရောင်းအဝယ်မရှိ၊ ပေါက်ဈေးဖွင့်နိုင်ခြင်းမရှိဘဲ ပဲတီစိမ်းအညာတစ်အိတ်လျှင် ငွေကျပ် ၂၇၅,၀၀၀ ပေါက်ဈေးရှိနေသည်။

ပြည်တွင်းသုံးကုလားပဲအုပ်စုမှာ ဈေးနှုန်းအပြောင်းအလဲမရှိ ဈေးငြိမ်နေရာ နိုဝင်ဘာ ၂၁ ရက်တွင် ကုလားပဲ V2 တစ်အိတ်လျှင် ငွေကျပ် ၃၁၀,၀၀၀၊ ကုလားပဲ V7 တစ်အိတ်လျှင်ငွေကျပ် ၃၃၀,၀၀၀ ၊ထိုင်ဝမ်ကုလားပဲတစ်အိတ်လျှင် ငွေကျပ် ၂၈၅,၀၀၀ ၊ ၉၂၉ ကုလားပဲတစ် အိတ်လျှင် ငွေကျပ် ၂၉၅,၀၀၀ အသီးသီးပေါက်ဈေးရှိနေသည်။

ပြည်တွင်းသုံး ပဲမာလိုင်းများမှာ ဈေးငြိမ်နေရာ ပဲကြီးတစ်အိတ်လျှင် ငွေကျပ် ၃၀၀,၀၀၀၊ မြေထောက်ပဲတစ်အိတ်လျှင် ငွေကျပ် ၃၅၅,၀၀၀၊ ကျွန်းစားတော်ပဲတစ်အိတ်လျှင် ငွေကျပ် ၄၁၀,၀၀၀၊ ကနေဒါစားတော်ပဲတစ်အိတ်လျှင် ငွေကျပ် ၄၉၀,၀၀၀ ပေါက်ဈေးရှိနေပြီး မြေပဲအနီလုံးဆန်တစ်ပိဿာလျှင် ငွေကျပ် ၈၃၀၀-၈၅၀၀ ပေါက်ဈေးရှိနေသည်။

နှမ်းမျိုးစုံမှာ ပို့ကုန်သမားများ အဝယ်ကောင်းသဖြင့် နိုဝင်ဘာ ၂၁ ရက်တွင် နှမ်းမျိုးစုံဈေး အနည်းငယ်ကျဆင်းသွားရာ နှမ်းနက် (စမုန် ) ၄၅ ပိဿာတစ်အိတ်လျှင် ငွေကျပ် ၅၉၀,၀၀၀၊ အက်ဆစ်လွတ်တစ်အိတ်လျှင် ငွေကျပ် ၆၃၅,၀၀၀၊ နှမ်းဖြူ (ဂျပန်) ၄၅ ပိဿာ တစ်အိတ်လျှင် ငွေကျပ် ၄၁၅,၀၀၀ ၊နှမ်းဖြူ (ဗမာ ) ၄၅ ပိဿာ တစ်အိတ် လျှင် ငွေကျပ် ၃၈၀,၀၀၀၊ နှမ်းညို

၄၅ ပိဿာ တစ်အိတ်လျှင် ငွေကျပ် ၃၁၀,၀၀၀၊ အသီးသီးပေါက်ဈေးရှိနေရာ နှမ်းအမျိုးအစားအလိုက် တစ်အိတ်လျှင် ငွေကျပ် ၁၀,၀၀၀ ခန့်ဈေးကျဆင်းသွားကြောင်း သိရသည်။

**Source : မကွေးဂျာနယ်**

## "အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေးနှင့် ပြည်ပပို့ကုန်တိုးမြှင့်တင်ပို့နိုင်ရေး" အလုပ်ရုံဆွေးနွေးပွဲ ကျင်းပပြုလုပ်ခြင်း





စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့က ကြီးမှူး၍ ရှမ်းပြည်နယ်အတွင်း ပို့ကုန်တိုးမြှင့်တင်ပို့နိုင်ရေးအတွက် ၂၀၂၄ခုနှစ်၊နိုဝင်ဘာလ ၂၂ ရက်နေ့တွင် ရှမ်းပြည်နယ်၊ တောင်ကြီးမြို့၊ ရှမ်းပြည်နယ် (တောင်ပိုင်း) ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းခန်းမ၌ " အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်လာစေရေးနှင့် ပြည်ပပို့ကုန်တိုးမြှင့်တင်ပို့နိုင်ရေး" အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပပြုလုပ်ခဲ့သည်။

အဆိုပါဆွေးနွေးပွဲသို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်၊ စီးပွားရေးရာဝန်ကြီး၊သယံဇာတနှင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီး၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး၊ တိုင်းရင်းသားရေးရာဝန်ကြီး၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး၊ ရှမ်းပြည်နယ် စားသုံးသူရေးရာဦးစီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန ၊ မူပိုင်ခွင့်ဦးစီးဌာနနှင့် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ဟိုတယ်နှင့်ခရီးသွား ညွှန်ကြားမှုဦးစီးဌာနတို့မှ အရာထမ်း၊အမှုထမ်းများ၊ ရှမ်းပြည်နယ် (တောင်ပိုင်း) ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းနှင့် ရှမ်းပြည်နယ်အတွင်းရှိ ကုန်သည်လုပ်ငန်းရှင်များ၊ အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ၊ တောင်သူအစုအဖွဲ့များ၊ အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းရှင်များ စုစုပေါင်း ၁၂၅ ဦး တက်ရောက်ခဲ့သည်။

ရှမ်းပြည်နယ်သည် အသေးစား၊အငယ်စားနှင့်အလတ်စား စက်မှုလက်မှုလုပ်ငန်းများစွာရှိပြီး စိုက်ပျိုးရေးထွက်ကုန်ကဏ္ဍမှ ပြောင်း၊ ပဲအမျိုးမျိုး၊သစ်သီးဝလံနှင့်စားဖိုဆောင်သီးနှံများပြည်ပသို့တင်ပို့ရောင်းချလျက်ရှိရာ အဆိုပါထုတ်ကုန်များထဲမှ လက်ရှိ တင်ပို့နေသည့် ထုတ်ကုန်ပစ္စည်းများအပြင် ပြည်ပပို့ကုန်အလားအလာရှိသော တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်တင်ပို့လျှင် အကျိုးအမြတ်ပိုမိုရရှိမည်ဖြစ်သောကြောင့် ပြည်ပပို့ကုန်အလားအလာရှိသော ထုတ်ကုန်များပိုမိုတိုးချဲ့တင်ပို့နိုင်ရေး၊ ပြည်နယ် အတွင်း ကုန်သွယ်မှုမြှင့်မားတိုးတက်လာစေရေး၊တန်ဖိုးမြှင့်ထုတ်ကုန်များ တိုးချဲ့ထုတ်လုပ်ရေးနှင့် ပြည်ပတင်ပို့ရောင်းချရာတွင် ကြုံတွေ့ရသည့် အခက်အခဲများ၊ စိန်ခေါ်မှုများ၊ အားနည်းချက်၊ အားသာချက်များကို ဆွေးနွေးပွဲတွင်ဖော်ထုတ်နိုင်ခဲ့ပါသည်။

ဤကဲ့သို့ အစိုးရနှင့်ပုဂ္ဂလိကကဏ္ဍအတူတကွ ပူးပေါင်းဆွေးနွေးဖြေရှင်းဆောင်ရွက်ခြင်းဖြင့် စိုက်ပျိုးထုတ်လုပ်သူ တောင်သူ များ၊ လုပ်ငန်းရှင်များ၊ Exporter များနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စားလုပ်ငန်းများအတွက် လူမှုစီးပွားဘဝတိုးတက် ရေးအတွက် ကျင်းပပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်းနှင့် ဆွေးနွေးပွဲကို ညနေ ၅ နာရီ ၃၀ မိနစ် အချိန်တွင် အောင်မြင်စွာ ကျင်းပပြီးစီး ခဲ့ကြောင်း သတင်းရရှိသည်။

**Source :** https://myantrade.gov.mm/news

## ဂျပန်အစိုးရက ဒေါ်လာ ၈၇ ဘီလီယံအသုံးပြု၍ စီးပွားရေးနှိုးဆွပေးမည်

ဂျပန်အာဏာရညွန့်ပေါင်းအစိုးရအဖွဲ့က အမေရိကန်ဒေါ်လာ ၈၇ ဘီလီယံ အသုံးပြု၍ စီးပွားရေးကိုနှိုးဆွပေးရန် နိုဝင်ဘာလ ၂၀ ရက်တွင် သဘောတူလိုက်ပြီဖြစ်ကြောင်း သိရသည်။



ယခုကဲ့သို့ ငွေကြေးများအသုံးပြုမှုက ကုန်ဈေးနှုန်းများကြီးမြင့်လာမှုဒဏ်ကို ခံစားနေရသည့် အိမ်ထောင်စုများအတွက် သက်သာရာရစေမည်ဖြစ်ကြောင်းနှင့် ထိုသဘောတူညီချက်ကို ဂျပန်ဝန်ကြီးချုပ်ရှီဂဲရူအီရှီဘာ က နိုဝင်ဘာလ ၂၂ ရက်တွင် အတည်ပြုပေးဖွယ်ရှိကြောင်း တာဝန်ရှိသူများကပြောသည်။

အဆိုပါစီးပွားရေးနှိုးဆွမှုအစီအစဉ်၌ အခြေခံဝင်ငွေခွန်ကင်းလွတ်ခွင့်ပြုခြင်းနှင့် ဓာတ်ဆီအပေါ်အခွန်ကောက်ခံမှုကိုလျှော့ချခြင်းတို့လည်းပါဝင်ပြီးထိုကိစ္စများက ယခုစီးပွားရေးနှိုးဆွမှု၏ ဦးစားပေးကိစ္စများဖြစ်ကြောင်းအာဏာရ LDPပါတီကပြောထား သည်။

ထို့ပြင် ဝင်ငွေနည်းပါးသည့် အိမ်ထောင်စုတစ်စုလျှင် ယန်း ၃၀,၀၀၀ ကို ထောက်ပံ့ပေးမည်ဖြစ်ပြီး ၎င်းတို့ကို အိမ်ခွန်များမှ ကင်းလွတ်ခွင့်ပြုမည်ဖြစ်ကာ ကလေးရှိသော မိသားစုများကိုမူ ကလေးတစ်ဦးလျှင် ယန်း ၂၀,၀၀၀ နှုန်းဖြင့် ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**Source :** https://myawady.net.mm/node/59861

## တရုတ်နိုင်ငံသို့ ဗီယက်နမ်နိုင်ငံမှ ဒူးရင်းတင်ပို့မှုသည် ထိုင်းနိုင်ငံထက် သာလွန်ရောက်ရှိ

ဗီယက်နမ်နိုင်ငံသည် စက်တင်ဘာလတွင် တရုတ်နိုင်ငံသို့ ဒူးရင်းသီးတန်ချိန် ၁၇၇,၀၀၀၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၆၄၀ ဒသမ ၇၂ သန်းတင်ပို့ခဲ့ပြီး အဆိုပါဈေးကွက်အတွင်း ဒူးရင်းသီးအများဆုံးရောင်းချသည့်ထိုင်းနိုင်ငံကို ကျော်တက်သွားကြောင်း တွေ့ရှိရသည်။

တရုတ်နိုင်ငံမှ တစ်လတာအတွင်း အသုံးစရိတ် အမေရိကန်ဒေါ်လာ ၈၉၄ ဒသမ ๅ၈ သန်းဖြင့် စုစုပါင်း တန်ချိန် ၂၂၈,၀၀၀ တင်သွင်းခဲ့ပြီး ထိုကာလအတွင်း ဗီယက်နမ်နိုင်ငံ၏ပို့ကုန်သည် တင်ပို့မှု စုစုပေါင်း၏ ๗๗ ဒသမ ၆ ရာခိုင်နှုန်းရှိကြောင်း တရုတ်နိုင်ငံအထွေထွေအကောက်ခွန်ဦးစီးဌာန၏ သတင်းကို ကိုးကား၍ Thanh Nien သတင်းစာကဖော်ပြခဲ့သည်။

ထိုင်းနိုင်ငံသည် ယခုနှစ် ပထမ ၉ လ အတွင်း ဒူးရင်းသီးတင်ပို့ရာတွင် ဦးဆောင်နေခဲ့ပြီး တန်ချိန် ๗๖๖,၀၀၀ နီးပါးတင်ပို့ခဲ့ကာ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၃ ဒသမ ๗၃ ဘီလီယံရှိကြောင်း၊ ဈေးကွက်ဝေစုအနေဖြင့် ๖၄ ဒသမ ๗ ရာခိုင်နှုန်းရှိကြောင်း Dan tri အွန်လိုင်း သတင်းစာက ဖော်ပြခဲ့သည်။

သို့ရာတွင် အဆိုပါ ကိန်းဂဏန်းများသည် တစ်နှစ်ထက်တစ်နှစ် ၁၄ ဒသမ ၁ ရာခိုင်နှုန်းနှင့် ၁၃ ဒသမ ၃ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း တွေ့ရှိရသည်။

ဗီယက်နမ်သည် အလားတူကာလအတွင်း သိသိသာသာတိုးတက်မှုရရှိခဲ့ပြီး အမေရိကန်ဒေါ်လာ ၂ ဒသမ၄๖ ဘီလီယံ တန်ဖိုးရှိ ဒူးရင်းသီး တန်ချိန် ၆၁၈,၀၀၀ တင်ပို့ခဲ့သည်။

၎င်းသည် ပမာဏအားဖြင့် ๗၂ ဒသမ ၂ ရာခိုင်နှုန်းနှင့် တန်ဖိုးအားဖြင့် ๖๗ ဒသမ ၃ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း ဖော်ပြထားသည်။

ဗီယက်နမ်သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်အသင်းမှ အထွေထွေအတွင်းရေးမှူး Dang Phuc Nguyen ၏ ပြောကြားချက်အရ ဗီယက်နမ်နိုင်ငံသည်ဒူးရင်းသီးတင်ပို့သည့်ဈေးကွက်အတွင်း ရာသီချိန်ပြင်ပဒူးရင်းသီးများကို ထိုင်းဒူးရင်းရာသီကုန်ဆုံးပြီးချိန်တွင် တင်ပို့နိုင် ခြင်းကြောင့် အသာစီးရရှိခြင်းဖြစ်ကြောင်း သိရသည်။

နှစ်ကုန်အားလပ်ရက်များနှင့် နှစ်သစ်ကူးပွဲတော်အတွက်စားသုံးသူများဝယ်လိုအားတိုးလာသောကြောင့် တရုတ်ဝယ်လိုအားလည်း မြင့်တက်လာသည်ဟု Nguyen က ပြောကြားခဲ့သည်။

ဗီယက်နမ်သည် တရုတ်နိုင်ငံနှင့် ကုန်းလမ်းနှင့်ရထားလမ်းများချိတ်ဆက်မှုကဲ့သို့သောသယ်ယူပို့ဆောင်ရေးအားသာချက်များမှ ပို့ကုန်လုပ်ငန်းရှင်များအနေဖြင့် ၎င်းတို့၏ပို့ကုန်များတင်ပို့ရာတွင် အချိန်နှင့်ကုန်ကျစရိတ်များကို သက်သာစေကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ဒူးရင်းဈေးကွက်အတွင်း ၎င်း၏ ယှဉ်ပြိုင်နိုင်စွမ်းကိုမြှင့်တင်ရန်အတွက် ထိုင်းနိုင်ငံ၏ ဒစ်ဂျစ်တယ်စီးပွားရေးမြှင့်တင်ရေးအေဂျင်စီသည် “One Tambon, One Digital” ဟုခေါ်သည့် စီမံကိန်းကို မကြာသေးမီက စတင်အကောင်အထည်ဖော်ခဲ့ပြီး၊ ၎င်း

သည် ဒူးရင်းတောင်သူများ၏ ကုန်ထုတ်စွမ်းအားမြှင့်တင်ရန်၊ထိုင်းဒူးရင်းကို စားသုံးသူများ၏ယုံကြည်မှုတည်ဆောက်ရန်နှင့် ကမ္ဘာ့အတိုင်းအတာဖြင့် တန်ဖိုးမြင့်ထုတ်ကုန်များမြှင့်တင်ရန် ရည်ရွယ်ကြောင်း Bangkok Post တွင် ဖော်ပြထားပြီး တရုတ်နှင့် အိမ်နီးချင်းနိုင်ငံများ၏ ပြိုင်ဆိုင်မှုတိုးလာခြင်း ကြောင့် ဤ စီမံကိန်းသည် အထူးထင်ရှားကြောင်း သိရသည်။

အဆိုပါ ပဏာမခြေလှမ်းသည်စိုက်ပျိုးမှုဆိုင်ရာဒေတာများမှတ်တမ်းတင်ခြင်းအတွက်ဒစ်ဂျစ်တယ်ပလက်ဖောင်းများအသုံးပြုခြင်းဖြင့် လွယ်ကူချောမွေ့စေကာ မွေးမြူရေး အိမ်ထောင်စု ၆,၁၀၀ ကျော်အတွက် အကျိုးကျေးဇူးရရှိစေမည်ဖြစ်ပါသည်။

ထို့ပြင် ပြည်နယ် ၂၃ ခုရှိ တောင်သူ ၁၂,၂၀၀ ကို ဒူးရင်းတင်ပို့မှုအတွက် မရှိမဖြစ်လိုအပ်သော E-commerce နှင့် Good Agricultural Practices (GAP) တို့အား လေ့ကျင့်သင်ကြားပေးရန် ရည်မှန်းထားကြောင်း ဖော်ပြထားသည်။

လက်ရှိတွင် ထိုင်းနိုင်ငံတွင် ဒူးရင်းစိုက်ဧက ဟက်တာ ၁၆၃,၂၀၀ ခန့်ရှိပြီး နှစ်စဉ် အသီးတန်ချိန် ၁ ဒသမ၅၃ သန်းခန့် ထွက်ရှိကြောင်း သိရသည်။

၂၀၂၃ ခုနှစ်တွင် ဒူးရင်းသည် ထိုင်းနိုင်ငံသစ်သီးတင်ပို့မှု၏ ၆၉ ရာခိုင်နှုန်းပါဝင်ပြီး တရုတ်သို့ အဓိကဈေးကွက်အဖြစ် တင်ပို့လျက်ရှိကြောင်း ဖော်ပြထားသည်။

၂၀၂၃ ခုနှစ်တွင် ဗီယက်နမ်နိုင်ငံသည် တရုတ်နိုင်ငံသို့ ၉၀ ရာခိုင်နှုန်းဖြစ်သည့် ဒူးရင်းတန်ချိန် ၅၀၀,၀၀၀၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၂ ဒသမ၃ ဘီလီယံဖိုး တင်ပို့ခဲ့ကြောင်း ဖော်ပြထားသည်။

ဗီယက်နမ်နိုင်ငံတွင် စိုက်ဧက ဟက်တာ ၁၅၄,၀၀၀ ရှိပြီး အထွက်နှုန်း တန်ချိန် ၁ ဒသမ၂ သန်းရှိကြောင်း ဖော်ပြထားသည်။ ၂၀၂၃ ခုနှစ်အစောပိုင်းက တရုတ်နိုင်ငံသို့ ဒူးရင်းတင်ပို့မှုတွင် ထိုင်းနိုင်ငံကို ကျော်တက်ခဲ့ပြီး တန်ချိန် ၃၂,၇၅၀ တင်ပို့ခဲ့ပါသည်။

အလားတူကာလတွင် ထိုင်းနိုင်ငံ၏ တင်ပို့မှုမှာ တန်ချိန် ၁၉,၀၀၀ တန်ရှိပြီး ယခင်နှစ်ထက် ထက်ဝက်ကျဆင်းခဲ့ကြောင်း ဖော်ပြထားသည်။

**Source: VN Express International**

**စီးပွားရေးသံမှူးရုံး၊မြန်မာသံရုံး၊ ဟန္နွိုင်းမြို့**

https://myantrade.gov.mm/article/npt-221120240430

## ထိုင်းနှင့်ကမ္ဘောဒီးယား နှစ်နိုင်ငံအကြား တံတားသစ်တစ်စင်း ထိုင်းနိုင်ငံက တာဝန်ယူတည်ဆောက်မည်



ထိုင်းအစိုးရက ကမ္ဘောဒီးယားနှင့်ထိုင်းနိုင်ငံအကြား ဆက်သွယ်ပေးမည့် တံတားအသစ်တစ်စင်းကို တည်ဆောက်မည်ဖြစ်ပြီး အဆိုပါ တံတားသည် ထိုင်းဘတ်ငွေ ၁၅ သန်းခန့် တန်ဖိုးရှိကြောင်းလည်းသိရသည်။

ယခုဆောက်လုပ်မည့် တံတားအသစ်ကြောင့် နှစ်နိုင်ငံအကြားနယ်စပ်ဖြတ်ကျော်ကုန်သွယ်မှုနှင့် ခရီးသွားလုပ်ငန်းကို ပိုမိုတိုးတက်လာစေမည်ဖြစ်သည်ဟုလည်း ပြောကြားခဲ့သည်။

အဆိုပါကွန်ကရစ်တံတားသည် မီတာ ၄၀ ခန့် ရှည်မည်ဖြစ်ပြီး ယာဉ်လမ်းကြောတစ်ဖက်စီတွင် သုံးမီတာကျယ်သော လူသွားလမ်းများလည်းပါရှိမည်ဖြစ်သည်ဟုသိရသည်။

ဆောက်လုပ်ရေးလုပ်ငန်းကို လာမည့်နှစ်တွင်စတင်နိုင်ရန် စီစဉ်ထားသည်ဟုလည်းဆိုသည်။

အဆိုပါစီမံကိန်းသည် နှစ်နိုင်ငံနယ်စပ်တွင် စီးပွားရေးတိုးတက်မှုကိုမြှင့်တင်ပေးမည့်အပြင် ခရီးသွားလာရေးနှင့်ကုန်သွယ်မှုတို့ကိုပါ လွယ်ကူချောမွေ့စေမည်ဖြစ်ကြောင်း ဒုတိယဝန်ကြီးချုပ်လည်းဖြစ်သည့် Anutin ကပြောကြားခဲ့သည်။

ထိုင်းနှင့်ကမ္ဘောဒီးယား တာဝန်ရှိသူများက စီမံကိန်းအတွက် သဘောတူညီချက်မူကြမ်းကို ထိုင်းအစိုးရအဖွဲ့ထံတင်ပြပြီး မကြာခင် အတည်ပြုနိုင်မည်ဟု မျှော်လင့်သည်ဟုလည်းဆိုသည်။

**Source : ခမာတိုင်းမ်စ်**

**Popular News Journal**

## တရုတ်ပြည်သူ့သမ္မတနိုင်ငံတစ်ဝှမ်း အပြည့်အဝဒစ်ဂျစ်တယ်ပုံစံ အီလက်ထရွန်နစ် ငွေတောင်းခံလွှာ အသုံးပြုမှုမြှင့်တင်ရန် ဆောင်ရွက်ခဲ့

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ ဒီဇင်ဘာလ ၁ ရက်မှစတင်၍ နိုင်ငံတစ်ဝန်းဒစ်ဂျစ်တယ်စနစ်ဖြင့် ငွေတောင်းခံလွှာများ အပြည့် အဝအသုံးပြုမှု မြှင့်တင်ဆောင်ရွက်မည်ဖြစ်ကြောင်း နိုင်ငံတော်အခွန်ဦးစီးဌာန STA က ထုတ်ပြန်ကြေညာခဲ့ကြောင်း သိရသည်။

အပြည့်အဝ ဒစ်ဂျစ်တယ်ပုံစံ အီလက်ထရွန်နစ်ငွေတောင်းခံလွှာသည် သမားရိုးကျစက္ကူဖြင့် ဆောင်ရွက်သည့် ငွေတောင်းခံလွှာများကဲ့သို့တူညီသော တရားဝင်အီလက်ထရွန်နစ်ပြေစာအမျိုးအစား အသစ်တစ်ခုဖြစ်ကြောင်း၊ ပြေစာအချက်အလက်များ ၏ အစိတ်အပိုင်းအားလုံးကို ဒစ်ဂျစ်တယ်ပုံစံပြုလုပ်ခြင်းဖြင့် အီလက်ထရွန်နစ် ပြေစာပုံစံအသစ်သည် ရိုးရှင်းစွာဆောင်ရွက်သည့် လုပ်ငန်းစဉ်များ ကို ပံ့ပိုးကူညီပေးကာ ပိုမိုအဆင်ပြေစွာ အသုံးပြုနိုင်ကြောင်း သိရသည်။

နိုဝင်ဘာလအစောပိုင်းတွင် နိုင်ငံတော်အခွန်ဦးစီးဌာနသည် မီးရထားခရီးသည် ပို့ဆောင်မှုအတွက် ဒစ်ဂျစ်တယ်အီလက် ထရွန်နစ် ငွေတောင်းခံလွှာများကို အပြည့်အဝအသုံးပြုရန်မြှင့်တင် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**Source: http://en.people.cn/n3/2024/1125/c90000-20246057.html**

**စီးပွားရေးသံမှူး**

**ပေကျင်းမြို့၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ**

https://myantrade.gov.mm/article/Naypyitawstp-261120241102

## တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ အောက်တိုဘာလ စီးပွားရေးဆိုင်ရာအချက်အလက်များ

တရုတ်နိုင်ငံတွင် ဈေးကွက်ယုံကြည်မှုကို သိသိသာသာ အားကောင်းစေသည့် တိုးမြှင့်မူဝါဒ အစီအမံများချမှတ်ခြင်းကြောင့် အောက်တိုဘာလ အဓိကစီးပွားရေးညွှန်းကိန်းများသည် စဉ်ဆက်မပြတ် ပြန်လည်ထူထောင်ရေးလမ်းကြောင်းကို ပြသလျက် ရှိကြောင်း သိရသည်။

အောက်တိုဘာလ စီးပွားရေးညွှန်းကိန်းများအရ တန်ဖိုးမြှင့်စက်မှုထုတ်ကုန်များသည် ယခင်နှစ် ကာလတူထက် ၅ ဒသမ ၃ ရာခိုင်နှုန်း၊ လူသုံးကုန်ပစ္စည်းများ လက်လီရောင်းချမှုတွင် ၄ ဒသမ ၈ ရာခိုင်နှုန်း၊ စားသုံးသူဈေးဆနှုန်းကိန်း ၀ ဒသမ ၃ ရာခိုင် နှုန်းတိုးတက်ခဲ့ကြောင်း သိရသည်။

ထုတ်လုပ်သူဈေးဆနှုန်းကိန်းမှာ ၂ ဒသမ ၉ ရာခိုင်နှုန်းကျဆင်းခဲ့ပြီး မြို့ပြစစ်တမ်းအရ အလုပ်လက်မဲ့ ၅ ရာခိုင်နှုန်း ရှိကြောင်း သိရသည်။

ဇန်နဝါရီလမှ အောက်တိုဘာလအတွင်း ပုံသေပိုင်ရင်းနှီးမြှုပ်နှံမှု ၃ ဒသမ ၄ ရာခိုင်နှုန်းတိုးတက်ခဲ့ပြီး ယွမ် ၄၂ ဒသမ ၃၂ ထရီလီယံရှိကြောင်းနှင့် ကုန်ပစ္စည်းဆိုင်ရာနိုင်ငံခြားကုန်သွယ်မှုသည် ယွမ် ၃ ဒသမ ၇ ထရီလီယံဖြင့် ယခင်နှစ်ထက် ၄ ဒသမ ၆ ရာခိုင်နှုန်း တိုးလာကြောင်း၊ အောက်တိုဘာလတွင်ထုတ်လုပ်မှု PMI ၅၀ ဒသမ၁ ရှိကြောင်း သိရသည်။

ဇန်နဝါရီလမှ အောက်တိုဘာလအတွင်း အိမ်ခြံမြေရင်းနှီးမြှုပ်နှံမှု ၁၀ ဒသမ ၃ ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း၊ လျှပ်စစ် သုံးစွဲမှုတွင် ၇ ဒသမ ၆ ရာခိုင်နှုန်းတိုးလာခဲ့ကြောင်း၊ ဝန်ဆောင်မှုကဏ္ဍဆိုင်ရာ ထုတ်လုပ်မှု ညွှန်းကိန်းမှာ ယခင်နှစ်ကာလတူ ထက် ၆ ဒသမ ၃ ရာခိုင်နှုန်းတိုးတက်လာခဲ့ကြောင်း၊ ဇန်နဝါရီလမှ အောက်တို ဘာလအတွင်း ဘဏ္ဍာနှစ်ဝင်ငွေ ၁ ဒသမ ၃ ရာခိုင်နှုန်း ကျဆင်းခဲ့ကာ ယွမ် ၁၈ ဒသမ ၅၀ ထရီလီယံရှိခဲ့ကြောင်း သိရသည်။

**Source: https://www.chinadaily.com.cn/a/202411/26/WS6744fcc1a310f1265a1cf7d3.html**

**စီးပွားရေးသံမှူး**

**ပေကျင်းမြို့၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ**

https://myantrade.gov.mm/article/Naypyitawstp-261120241110

# STOCK EXCHANGE (26.11.2024)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 26th Nov. 2024

### Total Trading [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 9,749 (Shares) | 39,068,650 (MMK) |

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,500 | +0 | +0.00% | 8,500 | 8,500 | 8,400 | 2,034 | 17,091,300 | 33,109,694 | 281,432 |
| MTSH | 00002 | 3,300 | +50 | +1.54% | 3,250 | 3,300 | 3,250 | 3,565 | 11,588,550 | 38,929,150 | 128,466 |
| MCB | 00003 | 8,400 | +0 | +0.00% | 8,400 | 8,400 | 8,400 | 17 | 142,800 | 10,400,986 | 87,368 |
| FPB | 00004 | 2,000 | +0 | +0.00% | 1,950 | 2,000 | 1,950 | 1,166 | 2,276,700 | 29,664,613 | 59,329 |
| TMH | 00005 | 3,100 | -50 | -1.59% | 3,150 | 3,150 | 3,050 | 109 | 343,050 | 12,823,224 | 39,752 |
| EFR | 00006 | 1,750 | -50 | -2.78% | 1,750 | 1,800 | 1,750 | 1,425 | 2,494,000 | 19,977,223 | 34,960 |
| AMATA | 00007 | 4,500 | +0 | +0.00% | 4,500 | 4,500 | 4,500 | 380 | 1,710,000 | 10,497,598 | 47,239 |
| MAEX | 00008 | 3,250 | -50 | -1.52% | 3,250 | 3,250 | 3,250 | 1,053 | 3,422,250 | 23,804,946 | 77,366 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary

## Market summary

As of 26th Nov. 2024

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 400.76 | -0.47 | -0.12% | 399.29 | 400.76 | 398.22 | 9,749 | 39,068,650 | 8 | 755,912 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 22nd Nov. 2024

| Trading Volume | Trading Value |
|---|---|
| 9,975 (Shares) | 37,523,700 (MMK) |

### Main Board

As of 1:00 pm, 22nd Nov. 2024

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 9,975 (Shares) | 37,523,700 (MMK) |

| MYANPIX | 401.23 ▼ 0.94 |
|---|---|
| Total Volume (shares) | 9,975 |
| Total Value (MMK) | 38 mil |
| Listed Company | 8 |
| Market Cap. (MMK) | 756,796 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,500 | ▲ 0 |
| MTSH | 00002 | 3,250 | ▲ 0 |
| MCB | 00003 | 8,400 | ▼ 100 |
| FPB | 00004 | 2,000 | ▲ 0 |
| TMH | 00005 | 3,150 | ▼ 150 |
| EFR | 00006 | 1,800 | ▲ 0 |
| AMATA | 00007 | 4,500 | ▲ 0 |
| MAEX | 00008 | 3,300 | ▲ 50 |